
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 659 - 671)
စာစဉ် - ၄၈

## အပိုင်း ၆၅၉
## တင်တောင်းလက်ဆောင်များ

သူတို့မြင်တွေ့နေကျဖြစ်တဲ့ အဖြူရောင်ကျောက်စိမ်း၊ အစိမ်းနုရောင်ကျောက်စိမ်း၊ နို့နှစ်ရောင် ကျောက်စိမ်းတို့နဲ့ ယှဉ်လိုက်ရင်တောင် မိန်းမပျိုလေးတွေက ကျက်သရေရှိပြီး တလက်လက်တောက်တဲ့ အရောင်တွေနဲ့ ဒီလိုကျောက်စိမ်းမျိုးကို ပိုနှစ်သက်ကြသည်။ အထူးသဖြင့် သူတို့ထဲက လက်ထပ်ခါနီး မိန်းမပျိုလေးတွေက ဒီကျောက်စိမ်းအမျိုးအစားသစ်ကို အတော်လေး စိတ်ဝင်စားနေကြသည်။ သူတို့မင်္ဂလာပွဲနေ့မှာ တောက်ပနေတဲ့ အနီရောင်ကျောက်စိမ်း ဆံထိုးအဆင်တန်ဆာတွေကို ဝတ်နိုင်မယ်ဆိုရင် မြို့တော်ရဲ့ သတင်းခေါင်းစဉ် ဖြစ်သွားမှာ အသေအချာပင်!

ကြင်ယာတော်မင်းသမီးကျင်းနဲ့ ယွီရှောင်ချောင်းတို့ နှစ်ယောက်သားကြိုးစားပမ်းစား အားထုတ်ပြီး ကျောက်စိမ်းအသစ်ကို ကိုယ်တိုင်ကြော်ညာခဲ့တာကြောင့် မြို့တော်က မျိုးရိုးမြင့်အသိုင်းအဝိုင်းတွေ ကြားမှာ အလွန်လျင်မြန်စွာပဲ ရေပန်းစားလာခဲ့သည်။ အချိန်ခဏလေးအတွင်းမှာပဲ ပညာရှိကျောက်စိမ်းနန်းတော်က ဂျေဒိုက်ကျောက်စိမ်းတွေအားလုံး ရောင်းထွက်သွားခဲ့သည်။ ဆိုင်တာဝန်ခံကျန်းတစ်ယောက် အချိန်ပိုဆင်းနေကြတဲ့ ကျောက်စိမ်းထုဆရာတွေကို မျက်ခြေမပြတ် စောင့်ကြည့်ရသလို ပစ္စည်းသယ်ပို့ဖို့ တာဝန်ယူတဲ့ အလုပ်သမားတွေကိုလည်း အာရုံစိုက်နေရသည်။ သူ့မှာ ခြေငြိမ်ငြိမ် မရပ်နိုင်အောင်ကို အလုပ်ရှုပ်နေပေမယ့် ခန္ဓာကိုယ်ကတော့ အားအင်အပြည့်ပင်!

ဂျေဒိုက်ကျောက်စိမ်းတွေက ရောင်းကောင်းနေတာကြောင့် ဆိုင်တာဝန်ခံကျန်းက ဂျေဒိုက်အားလုံးကို ထွင်းထုပြီး ရောင်းချနိုင်ရန်အတွက် ကျောက်ရိုင်းတုံးအားလုံးကို ဖွင့်ကြည့်ဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။ သူ့သခင်မလောင်းရဲ့ ကျောက်ရိုင်းတုံးတွေကို လောင်းကစားပစ္စည်းအဖြစ် သုံးမယ့် အကြံနဲ့ ပတ်သက်ပြီး သူလည်း ရွှေအခွင့်အရေးကြီးတစ်ခုကို အနံ့ခံမိနေသည်။ မြို့တော်ထဲမှာ လောင်းကစားလုပ်ဖို့ လက်ယားနေကြတဲ့ သူဌေးသား လူပေါ်ကြော့လေးတွေ အများအပြားရှိသည်။ မြို့တော်က မြင်းပြိုင်ပွဲနဲ့ ပျော်ပွဲစားရုံရဲ့ လျှမ်းလျှမ်းတောက် ကျော်ကြားမှုက ဖြစ်နိုင်ချေရဲ့ အစလောက်သာ ရှိသေးသည်။

သို့ပေမယ့် ‘ကျောက်လောင်းကစား’ဟာ မြို့တော်ကလူတွေအတွက် လုံးဝမရင်းနှီးတဲ့ အရာတစ်ခု ဖြစ်သည်။ ကျောက်ရိုင်းတုံးတစ်ခုကို ရွေးချယ်ပြီး ခွဲကြည့်လိုက်တဲ့အခါ လှပတဲ့ ကျောက်စိမ်းနဲ့ ဂျေဒိုက်ကျောက်စိမ်း ထွက်လာပြီး ညတွင်းချင်း ချမ်းသာသွားနိုင်တယ်ဆိုတဲ့ အချက်ဟာ မြို့ထဲက လောင်းကစားသမားတွေ အများကြီးကို အင်မတန် မျှားခေါ်နိုင်မည့် ဆွဲဆောင်မှုတစ်ခုပင် ဖြစ်သည်။

တာဝန်ခံကျန်းက တကယ်ကို စွမ်းဆောင်နိုင်စွမ်းရှိတဲ့ လူတစ်ယောက်ပင်။ ကျောက်ရိုင်းတုံး ပထမ အသုတ်ကို ဒီလောင်းကစားလုပ်ငန်းမှာ အသုံးပြုဖို့ မစီစဉ်ထားပေမယ့်လည်း ကျောက်အသစ်ကို စိတ်ဝင်စားနေတဲ့ ဖောက်သည်တွေကို ကျောက်စိမ်းဖွင့်ပွဲမှာ ပါဝင်ဖို့ ဖိတ်ခေါ်လိုက်သည်။ ကြည့်ရှုသူတွေ ရှေ့မှာ ခန့်မှန်းမရတဲ့ ကျောက်တွေကို တစ်ခုပြီးတစ်ခု ဖွင့်ပြပြီး ဂျေဒိုက်ရဲ့ ကျော့ရှင်းလှပတဲ့ ကျောက်သားတွေ ပေါ်လာတဲ့အခါ မြင်သူတိုင်း အံ့အားသင့်ကြရသည်။ သူတို့တွေ အခုလို ဆန်းကြယ်တာမျိုး မြင်ဖူးတာ ဒါပထမဆုံးပဲ!

တာဝန်ခံကျောက်က ပွဲလာသူတွေထဲက ကံကောင်းသူတချို့ကို ရွေးချယ်ကာ အားလုံးရှေ့မှာ ဖွင့်ပြမယ့် ဂျေဒိုက်အရိုင်းတစ်တုံးစီ ရွေးခွင့်ပေးသည်။ ဒီကျောက်တွေအားလုံးကို ဂျေဒိုက်ကျွမ်းကျင်သူတွေနဲ့ ဆိုင်ရဲ့ သခင်မလောင်းလေးက အရင် ကြည့်ထားပြီးသားဖြစ်သည်။ ဒီအသုတ်ထဲမှာ ကျောက်တုံးတချို့က အထဲမှာ စိတ်ဝင်စားစရာကောင်းတာ ဘာမှ မရှိပေမယ့် တစ်ဝက်ကျော်လောက်က ဂျေဒိုက်တွေ ပါဝင်ကြသည်။ သို့ပေမယ့် အထဲက အရည်အသွေးကိုတော့ အာမခံလို့မရဘဲ ကံနဲ့သာ ဆိုင်လိမ့်မည်။

လူတိုင်းရှေ့မှာ ကျောက်တုံးတွေကို ခွဲတဲ့အခါ အထဲက တောက်ပကြည်သန့်နေတဲ့ ဂျေဒိုက်ထွက်လာရင် ကျောက်ရိုင်းတုံး ရွေးပေးရတဲ့ ကံကောင်းသူတွေက မနေနိုင်ဘဲ ဂုဏ်ယူတဲ့ အမူအရာတွေ ထုတ်ပြကြသည်။ ကျောက်အကန်း ရွေးမိသူတွေကတော့ သူတို့အရှုံးကို လက်မခံနိုင်ဘဲ နောက်တစ်ခု ထပ်ရွေးခွင့်ပြုဖို့ တောင်းဆိုကြသည်… လူတိုင်းက ပါဝင်ဖို့ စိတ်အားထက်သန်နေကြပြီး ထိုဂျေဒိုက်တွေရဲ့ ကျော်ကြားမှုကို နောက်တစ်ဆင့်ထိ တိုးမြင့်နိုင်ခဲ့သည်။

ထိုဖွင့်လိုက်တဲ့ ဂျေဒိုက်တွေက ပညာရှိကျောက်စိမ်းနန်းတော်ရဲ့ ပိုင်ဆိုင်မှုဖြစ်နေဆဲပင်။ လူတချို့က သူတို့ မျက်စိရှေ့မှာတင် ဖွင့်လိုက်တဲ့ ဂျေဒိုက်တွေကို ဆုံးရှုံးရမှာ တွန့်ဆုတ်ပြီး ချက်ချင်းပဲ ဈေးမြင့်မြင့်နဲ့ ဝယ်လိုက်ကြသည်။ အဲ့ဒီနောက် သူတို့က ဂျေဒိုက်ရိုင်းကို အချောဆက်ကိုင်ခိုင်းဖို့ ပညာရှိကျောက်စိမ်းနန်းတော်က လက်မှုပညာရှင်တွေဆီ တောင်းဆိုကြသည်။ ဒီလို အံ့ဩစရာနေ့ရဲ့ အထိမ်းအမှတ်အနေနဲ့ ဂျေဒိုက်အရိုင်းတုံးလိုက်ကို အိမ်တိုက်ရိုက်ယူသွားသူ တချို့လည်း ရှိသည်။ ဒီဂျေဒိုက်ကျောက်ရိုင်းပြပွဲကို ပါဝင်ဖို့ ဖိတ်ကြားခံရသူတိုင်းက ပညာရှိကျောက်စိမ်းနန်းတော်ရဲ့ ဖောက်သည်ဟောင်းကြီးတွေ ဖြစ်ကြသည်။ ဒီတော့ သူတို့ထဲမှာ ဘယ်သူက

ဂျေဒိုက်တချို့ဝယ်ဖို့ သုံးရမယ့်ငွေကို ဂရုစိုက်နေမှာလဲ?

တာဝန်ခံကျန်းရဲ့ ကြိုးစားမှုအောက်မှာ ဂျေဒိုက်ရတနာတွေက မြို့တော်ရဲ့ အထက်တန်းအလွှာထဲ အင်မတန် ကျော်ကြားလာခဲ့သည်။ မျိုးရိုးမြင့် အမျိုးသမီးကြီးတွေက သူတို့ကိုယ်သူတို့ ကြွားဝါဖို့ ပွဲတက်တိုင်း တလက်လက် ထနေတဲ့ ဂျေဒိုက်ကျောက် တဆင်စာတွေ မကြာခဏ ဆင်မြန်းသွားကြသည်။ တခြားသက်လတ်ပိုင်းနဲ့ သက်ငယ်ပိုင်း အမျိုးသမီးလေးတွေက ငွေကြေး အနည်းငယ် ခက်ခဲနေရင်တောင် အံတင်းတင်း ကြိတ်ပြီး ဂျေဒိုက်ဆံပင် အဆင်တန်ဆာတစ်စုံ ဒါမှမဟုတ် ဂျေဒိုက်လက်ကောက်တွေ ဝယ်ယူကြသည်။ မဟုတ်ရင် နောက်တွေ့ဆုံပွဲကျ သူတို့တွေ ဘယ်လို မျက်နှာပြနိုင်တော့မှာလဲ?

မျိုးရိုးမြင့် အမျိုးသမီးတွေတင် အချင်းချင်း ယှဉ်ပြိုင်နေကြသည်မဟုတ်။ နန်းတွင်းခံရုံးက အရာရှိအိုကြီးတွေပင် စပြီး ထုတ်ကြွားလာကြသည်။ ခါးမှာ ဂျေဒိုက်ခါးပတ် ဆင်ထားတဲ့ ဘယ်သူမဆို သူ့လက်ဖော်ကိုင်ဖက်တွေရဲ့ မနာလိုအကြည့်နဲ့ ကြည့်ခြင်းကိုလည်း ခံရလိမ့်မည်။ အဲ့ထဲမှာ အင်ပါယာမင်းသားကျင်းကိုတော့ ဘယ်သူမှ မယှဉ်နိုင်ပေ။ သူက တစ်နေ့တစ်မျိုး မရိုးရအောင် ဂျေဒိုက်ခါးပတ်အသစ်တွေ ထည်လဲပြောင်းဝတ်ပြီး အရောင်ပိုင်းနဲ့ဖြစ်စေ ကြည်စင်မှုပိုင်းနဲ့ဖြစ်စေ အမြင်ရှိသူတွေရဲ့ မျက်လုံးထဲမှာ အလွန်တန်ဖိုးကြီးတဲ့ အရာတွေပင် ဖြစ်သည်။

ထိုအဆင်တန်ဆာတွေထဲက တချို့ကို ကြင်ယာတော်မင်းသမီးကျင်း ရွေးပေးထားတာဖြစ်ပြီး တချို့က သူ့သား ပေးထားတာတွေပင်။ ဒါပေမဲ့ အများစုကတော့ သူ့ရဲ့ ချွေးမလောင်းလေးက ရိုသေမှုကို ပြဖို့အတွက် ပေးခဲ့တာတွေဖြစ်သည်။ သူက အင်မတန်ကို အမြင်ရှိတဲ့ ချွေးမလောင်းတစ်ယောက်ရထားတဲ့သူပင်။ သူမရွေးပေးတဲ့ ဂျေဒိုက်ကျောက်ရိုင်းတိုင်းက အသန့်စား

ကျောက်ကောင်းတွေကြီး ဖြစ်သည်။ ဒ့ါအပြင် သူမဖွင့်တဲ့ ကျောက်တွေကို အမြဲတမ်း အလှဆင်ပစ္စည်းတွေ ပြုလုပ်ပြီး သူနဲ့ သူ့ဇနီးထံ ပို့ပေးတတ်သည်။

သူ့လုပ်ဖော်ကိုင်ဘက်တွေဆီက မယုံနိုင်တဲ့ အကြည့်တွေ အများကြီးကို လက်ခံရရှိတဲ့အခါ အင်ပါယာမင်းသားကျင်း ခေါင်းကနေ ခြေဖျားအထိ ပြောမပြတတ်အောင် လန်းဆန်းသွားသည်။ ဂျေဒိုက် အဆင်တန်ဆာတွေကို တစ်စုံပြီးတစ်စုံ ပြောင်းဝတ်နိုင်တာကြောင့် အခုသူ့မှာ ချမ်းသာထည်ဝါတဲ့ ရောင်ဝါတစ်ခု ရှိနေသလို တကယ်ခံစားနေရသည်။ ဒါက သူဌေးမင်းကြီးတစ်ယောက်ရဲ့ ခံစားချက်မျိုးပဲ! အို ဘာပါလိမ့်? လူတွေက သူ့ကို မနာလိုဖြစ်နေကြတာလား? အင်းလေ သူတို့က ချွေးမကောင်းလေး ရှာပေးနိုင်တဲ့ သားလိမ္မာတစ်ယောက်ရဖို့ သူ့လိုမှ ကံမကောင်းကြတာ။

ဂျေဒိုက်ရတနာနဲ့ အဆင်တန်ဆာတွေက ခေတ်ရေစီးကြောင်းတစ်ခု ဖြစ်လာတဲ့အခါ ပညာရှိကျောက်စိမ်းနန်းတော်က နေ့စဉ်နေ့တိုင်း ငွေတွေ ဒလဟော ဝင်နေသည်။ သူ့စီးပွားရေးက ယွီ ဆေးဖက်ဝင်ဟင်းလျာဆိုင်နဲ့ အလှပန်းတို့ဖူးပွင့်ရာလောက် အောင်မြင်နေသည်။ ပညာရှိကျောက်စိမ်းနန်းတော်ကို ရွှေဥဥတဲ့ ဘဲငန်းကြီးဆိုတဲ့ ဥပမာနဲ့ ခိုင်းနှိုင်းတာက လုံးဝ ချဲ့ကားနေခြင်း မဟုတ်ပေ။

သို့ပေမယ့် ထိုရွှေဥဥတဲ့ ဘဲငန်းကြီးဖြစ်တဲ့ ‘ပညာရှိကျောက်စိမ်းနန်းတော်’ ဟာ တကယ်တော့ တင်တောင်းလက်ဆောင် တစ်ခုအဖြစ် အပေးခံလိုက်ရသည်။ တာဝန်ခံကျန်းတစ်ယောက် ဒီသတင်းတွေကို ကောလဟာလတွေမှတဆင့် ကြားခဲ့ရပြီးနောက် ထိုအတွေးမှာ နှုတ်ခမ်း တွန့်မိလိုက်သည်။ ကြည့်ရတာ သိပ်မကြာခင် သူတော့ သခင်ပြောင်းရတော့မယ်နဲ့ တူတယ်။ ယွီမိသားစုက သေချာပေါက် အင်ပါယာမင်းသားရှုကို

အခွင့်ကောင်းယူဖို့ မကြိုးစားဘဲ ပညာရှိကျောက်စိမ်းနန်းတော်ကို ခန်းဝင်ပစ္စည်းအဖြစ် ပြန်ပေးမှာဆိုပေမယ့်လည်း ပိုင်ရှင်ပြောင်းသွားတာ က ပြောင်းသွားတာပဲ!

သို့ပေမယ့် တာဝန်ခံကျန်းရဲ့ စိတ်ထဲမှာတော့ စီးပွားရေးအမြင်ကောင်း ရှိတယ်ဆိုပြီး မြို့တော်မှာ နာမည်ကြီးနေတဲ့ သူ့သခင်မလေးက ကိစ္စအားလုံးကို ကြီးကြပ်သူတွေ လက်ထဲပဲ ထိုးအပ်ထားတတ်တဲ့ သူဌေးဖြစ်သူ အင်ပါယာမင်းသားရှူထက်တော့ အများကြီးပိုပြီး ယုံကြည်စိတ်ချရသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဈေးဒိုက်တွေ အရမ်း ရောင်းကောင်းနေတဲ့ အကြောင်းအရင်းကလည်း သခင်မလေးက သူ့ကို ဘယ်လို ကောင်းကောင်း ကြော်ညာရမယ်ဆိုတာ အကြံပေးခဲ့လို့ပဲမလား? သခင်မလေးရဲ့ အမိန့်တွေကို နာခံသရွေ့ သူနောင်တရမှာ မဟုတ်ဘူးဆိုတဲ့ ခံစားချက်ရှိနေသည်!

ပညာရှိကျောက်စိမ်းနန်းတော်အပြင် ကျူးကျွင်းယန်က သူ့နာမည်အောက်ရှိ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်ဆိုင်တွေ အားလုံးကိုလည်း တင်တောင်းလက်ဆောင် စာရင်းထဲ ထည့်ခဲ့သည်။ မြို့တော်ထဲမှာ အဲ့လိုဆိုင်တွေ ဒါဇင်လောက်ရှိပြီး အားလုံးဟာ မြို့စွန်စိုက်ပျိုးခြံနဲ့ သစ်သီးခြံတို့က ထွက်တဲ့ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေကို တင်ရောင်းသည်။ လက်ထဲမှာ အားကိုးစရာ အံ့ဖွယ်ကျောက်တုံးလေးနဲ့ဆိုတော့ တော်ဝင်စိုက်ပျိုးခြံက ထွက်တဲ့ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေတောင် ဒီ အထူးစိုက်ပျိုးထားတဲ့ အပင်တွေရဲ့ အရသာကို ယှဉ်နိုင်မည် မဟုတ်ပေ။

ဒီလို အထူးစိုက်ပျိုးထားတဲ့ သီးနှံတွေကို စားသုံးပြီးနောက် ကြေးများတဲ့ မျိုးရိုးမြင့်တွေနဲ့ အရာရှိတွေအဖို့ ဘယ်လိုများ သာမန်အသီးအနှံတွေကို ဗိုက်ထဲထည့်နိုင်ပါဦးမလဲ? ဒီတော့ ထိုသစ်သီးနဲ့ ဟင်းသီးဟင်းရွက်ဆိုင်တွေက အရောင်းသွက်တဲ့ စီးပွားရေးတစ်ခု ဖြစ်နေမယ်ဆိုတာ

အထင်အရှားပင်။ သူတို့ရဲ့ ထုတ်ကုန်တွေက တခြားဆိုင်တွေကထက် အများကြီး ပိုဈေးကြီးပေမယ့် သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေ မရောင်းရဘဲ ပုတ်သိုးသွားမှာကို မပူရပေ။ ဒါ့အပြင် သူတို့ရောင်းတဲ့ ရာသီလွန် သီးနှံတွေကလည်း အရမ်း လူကြိုက်များသည်။

ကျူးကျွင်းယန် နာမည်အောက်က ဆိုင်တွေအားလုံးထဲမှာ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်ဆိုင်တွေက အကျိုးအမြတ်အရှိဆုံး ဖြစ်သည်။ ယခု ထိုဆိုင်တွေအားလုံး တင်တောင်းလက်ဆောင် စာရင်းထဲ ရောက်သွားပြီဖြစ်သည်။ ကျူးကျွင်းယန်ရဲ့စိတ်ထဲမှာတော့ ထိုဆိုင်တွေ အမြတ်အရမ်းများနေရတာက သူ့ကောင်မလေးနဲ့ သက်ဆိုင်တယ်လို့ ထင်မိသည်။ ယောကျ်ားတစ်ယောက်အနေနဲ့ ကိုယ့်ဇနီးကို ပိုက်ဆံ မပေးနိုင်တဲ့အပြင် သူမရဲ့အရည်အချင်းတွေကို အမြတ်ထုတ်နေရတာက တကယ်ကို အရမ်း ရှက်စရာကောင်းသည်။

ဒါကြောင့် ဒါတွေအားလုံးကို သူ့ဇနီးဆီ ပေးလိုက်တာ အဓိပ္ပာယ်အရှိဆုံးပဲ။ ကောင်မလေး အမြဲလိုလို ဟာသအနေနဲ့ ပြောတဲ့စကားလိုပေါ့။

‘လက်ထပ်ပြီးရင် ရှင့်အပိုင်က ကျွန်မအပိုင်။ ကျွန်မအပိုင်ကတော့ ကျွန်မအပိုင်ပဲ!’ တဲ့။

သူမသာ စီမံနိုင်မယ်ဆိုရင် သူ့လုပ်ငန်းတွေအားလုံးကို ကောင်မလေးဆီ လွှဲပေးရတော့ရော ဘာဖြစ်သလဲ?

ဘယ်လိုပဲဖြစ်ဖြစ် သူ့ဘေးမှာ ဒီလိုအလုပ်ကြိုးစားတဲ့ ဇနီးလေးရှိနေတော့ ကျူးကျွင်းယန် အတော်လေး ဖိအားများရသည်။ တကယ်လို့ သူသာ အကောင်းဆုံး မလုပ်နိုင်ရင် စားဖို့သောက်ဖို့ ကိုယ့်ဇနီးအပေါ်မှာ မှီခိုရတဲ့ ခင်ပွန်းတစ်ယောက် ဖြစ်သွားလိမ့်မည်။ ကောင်မလေးကတော့ သူ့ကို ပျော်ပျော်ကြီး ရှာကျွေးမှာ ဆိုပေမယ့် ကိုယ့်ဇနီးသုံးဖို့ ငွေရှာပေးရတဲ့ အရသာ

လေးကို သူဆုံးရှုံးရလိမ့်မည်။ အဲ့လိုသာဆို သူ့ဘဝကြီးက အဓိပ္ပာယ်ရှိပါဦးမလား?

အဘိုးစစ်သူကြီးကျောက်၊ စစ်သူကြီးကျောက်နဲ့ ဖန်းဇီကျန်းတို့အားလုံး ခေါင်းတွေငုံ့ပြီး ကျူးကျွင်းယန် ပေးလာတဲ့ တင်တောင်းလက်ဆောင်စာရင်းကို ကြည့်ရှုစစ်ဆေးနေကြသည်။ စာရင်းထဲမှာ ရွှေ၊ ငွေ၊ ကျောက်မြတ်ရတနာ၊ ရှေးဟောင်းပစ္စည်းနဲ့ ပန်းချီတွေ အမျိုးစုံနေအောင် ရေးထားသည်။ စာရင်းနဲ့တင် လူတစ်ယောက်ကို မျက်စိကျိန်းသွားစေဖို့ လုံလောက်သည်။ ပြီးတော့ တော်ဝင်နန်းတော်ရဲ့ သိုလှောင်ခန်းထဲမှာပဲ ရှာတွေ့နိုင်တဲ့ အဖိုးတန် ပိုးထည်တွေနဲ့ ကျင်ခပ်အထည်စတွေ။ သူတို့မျက်လုံးတွေနဲ့ ကြည့်ဖို့အတွက်တောင် အရမ်းများလွန်းနေသည်။ ဆက်ဖတ်ကြည့်လိုက်တော့ ပိုင်ဆိုင်မှုတွေ၊ စိုက်ပျိုးခြံတွေနဲ့ ဆိုင်တွေလည်း ပါဝင်သည်။ ဒါဟာ လူတစ်ယောက်ကို မူးဝေသွားစေနိုင်သည်။ အဲ့ထဲမှာ မှတ်တမ်းဝင် ရှားပါး ရတနာမျိုးတွေ မပါဝင်ပေမယ့် တစ်ခုချင်းစီက လူတစ်ယောက်ကို ပြောစရာ စကားမဲ့သွားအောင် အံ့အားသင့်စေဖို့ လုံလောက်ထက်ကိုပိုသည်။

အင်ပါယာမင်းသားရှုရဲ့ ကြွယ်ဝချမ်းသာမှုက တကယ့်ကို အံ့မခန်းပဲ! ယောကျ်ားကြီးသုံးယောက်က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီး သူတို့မျက်လုံးတွေထဲမှာ တူညီတဲ့ အံ့အားသင့်မှုတွေ ရှိနေကြသည်။ အင်ပါယာမင်းသားရှုက ကောင်မလေး ရှောင်ချောင်းဆီကို ဘာမဆိုပေးဖို့ ဆန္ဒရှိနေတာပဲ။ အခု သူတို့တွေ အင်ပါယာမင်းသားရှုကို သဘောကျမှု လေးစားမှုတွေပါတဲ့ အကြည့်တစ်ခုနဲ့ ရှုမြင်လာကြသည်။ အိုး ဟုတ်သား! တင်တောင်းလက်ဆောင်တွေ ပိုခမ်းနားလေ သတိုးသားဘက်က သတို့သမီးဘက်ကို ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာ ပြလေပဲလေ! အင်ပါယာမင်းသားရှုက တင်တောင်းလက်ဆောင်အနေနဲ့ သူ့ရဲ့ပိုင်ဆိုင်မှုတွေ ကြွယ်ဝ

ချမ်းသာမှုတွေ အားလုံးကို ဟိုကောင်မလေး ရှောင်ချောင်းဆီ ပေးတော့မှာ များလား?

သူတို့ရဲ့ ထိုအတွေးက ဖြစ်နိုင်ချေကို မကျော်လွန်ပေ။ ကျူးကျွင်းယန်က သူ့ပိုင်ဆိုင်မှုရဲ့ တဝက်နီးပါးကို တင်တောင်းလက်ဆောင်အဖြစ် တကယ် ပေးခဲ့တာ ဖြစ်သည်။ အဲ့တာဘာမှားလို့လဲ? သူ အဆင်ပြေမှတော့ ဘယ်သူများ သူ့ကို တားနိုင်ဦးမှာလဲ?

"အာ... အရှင်မင်းသား၊ ဒီစာရင်းကို အိမ်ပြန်ယူသွားပြီး အင်ပါယာမင်းသားကျင်း ကြင်ယာတော်မင်းသမီးကျင်းတို့နဲ့ အရင်ဆုံး တိုင်ပင်ကြည့်ချင်လား?"

အဘိုးစစ်သူကြီးကျောက်က ဒီစာရင်းကို အရမ်းပိုလွန်းအားကြီးတယ်လို့ တွေးမိတာကြောင့် ကျူးကျွင်းယန်က သူ့မိဘတွေနဲ့ မတိုင်ပင်ဘဲ သူ့သဘောအတိုင်း လုပ်ခဲ့တာဖြစ်မှာကို စိုးရိမ်သည်။ ဒါက ရှောင်ချောင်းရဲ့ ယောက္ခမလောင်းတွေ သူမကို မုန်းတီးတဲ့အဖြစ်သို့ ဦးတည်စေနိုင်သည်။ ခဏလောက် စဉ်းစားကြည့်ပြီးနောက် သူ မင်းသားကို အကင်းပါးပါးနဲ့ သတိပေးဖို့ ထိုသို့ဖွင့်ပြောလိုက်သည်။

နေ့လယ်ခင်း လက်ဖက်ရည်သောက်ချိန်အတွက် အချိုပွဲသွားပြင်နေတဲ့ ယွီရှောင်ချောင်းတစ်ယောက် အခန်းထဲကို ပြန်ရောက်လာသည်။ သူမရဲ့ မွေးစားအဖေ၊ အဘိုးကျောက်နဲ့ ဦးလေးကျောက်တို့ သုံးယောက်သား တင်တောင်းလက်ဆောင် စာရင်းအပေါ် တွတ်တွတ်တွတ်တွတ်နဲ့ ဆွေးနွေးနေကြတာကို သူမ မြင်လိုက်ရသည်။ သူမ သူတို့လက်ထဲက စာရင်းကို ဆွဲယူလိုက်ပြီး ကျူးကျွင်းယန်ဘေးမှာ ထိုင်ကာ စပ်ဖြီးဖြီးနဲ့ မှတ်ချက်ချလိုက်သည်။

"ဒီတင်တောင်းစာရင်းက ဘာဖြစ်နေလို့လဲ? မှန်းစမ်း ကြည့်ရအောင်... ဒီ

ကောင်လေး အရမ်းကပ်စီးနဲ့ပြီး မွေးစားအဖေတို့ အထင်သေးစရာ စာရင်းတစ်ခုကိုများ ပေးခဲ့သလား? ဘာမှမဖြစ်ပါဘူး။ ကျွန်မတို့ ဒီစာရင်းကို မကျေနပ်ရင်လည်း မင်္ဂလာရက်ကို ထပ်ရွှေ့လို့ရတယ်!"

အဒေါ်ကျောက်က သူမကို စိုက်ကြည့်ပြီး ဆူတဲ့လေသံနဲ့ ပြောလာသည်။

"သတ်မှတ်ပြီးသား မင်္ဂလာရက်ကို ဘာကိစ္စနဲ့ ရွှေ့ရမှာလဲ? ဒီကောင်မလေးကတော့။ ကျန်တာအားလုံး ကောင်းပေမယ့် မင်းက ပွင့်လင်းလွန်းပြီး စကားမပြောခင် ဘယ်တော့မှ မစဉ်းစားဘူး။ တော်သေးလို့ အင်ပါယာမင်းသားရှုက မင်းစရိုက်ကို နားလည်ပြီး အပြစ်မပြောလို့သာပေ့ါ..."

ကျူးကျွင်းယန်က သခင်မကျောက်ရဲ့ စကားတွေက သူ့အတွက်ဆိုတာ သိတာကြောင့် ချက်ချင်း သူ့သဘောထားကို ဖော်ပြလိုက်သည်။

"ကောင်မလေးရဲ့စရိုက်က ဒီမင်းသားရဲ့အကြိုက်နဲ့ အရမ်းကိုက်ညီပါတယ်။ ဒီမင်းသားက စိတ်ထဲ ရှိတဲ့အတိုင်း မပြောဘဲ ကွေ့ဝိုက်ပြီး ပြောတတ်တဲ့ မျိုးရိုးမြင့် မိန်းမပျိုလေးတွေဆို မကြိုက်ဘူး! အဘိုးစစ်သူကြီးကျောက် မစိုးရိမ်ပါနဲ့ဗျ! ကျွန်တော့်မယ်တော်က အမြဲတမ်း ကောင်မလေးဘက်ကပါ။ သူကိုယ်တိုင်ကကို ကျွန်တော်ပိုင်တဲ့ အိမ်ခြံတွေ စီးပွားရေးတွေအားလုံး ကောင်မလေးဆီပေးဖို့ ဆန္ဒရှိနေတာပါ။ တစ်ခါတစ်ခါ ကျွန်တော်က လမ်းဘေးကောက်လာတဲ့ မွေးစားသား ရှောင်ချောင်းကမှ သူ့ကိုယ်တိုင်မွေးထားတဲ့ အလေးအရင်းများလားလို့တောင် ခံစားမိတယ်!"

"ဟီးဟီးဟီး! အဲ့ဒါ ကျွန်မက အားလုံးရဲ့ အချစ်ခံလေးဆိုတာ ပြနေတာလေ။ တူရာ တူရာစုတာပေ့ါ! ရှင်က ဒီလောက်ကြီးနေပြီ မျက်နှာသာရဖို့ ကျွန်မနဲ့ ပြိုင်ချင်သေးတာလား? ရှက်လည်း မရှက်ဘူး"

ယွီရှောင်ချောင်းက ရွှင်မြူးရိပ်အပြည့်နဲ့ သူ့မျက်လုံးတွေကို ကြည့်ရင်း ဟားလိုက်သည်။ အဲ့ဒီနောက်မှသာ ခေါင်းငုံ့ပြီး သူမရှေ့က တင်တောင်း

လက်ဆောင်စာရင်းကို ကြည့်ရှုလိုက်သည်။

"ကိုယ့်မယ်တော်က မင်းကို သဘောကျလို့ ဒီမင်းသား အတိုင်းမသိအောင် ပျော်နေတာကို ဘာဖြစ်လို့ မင်းနဲ့ ပြိုင်လုရမှာလဲ? မင်းလက်ထပ်ပြီးရင် ကိုယ့်မယ်တော်က မင်းကို အလိုလိုက်မယ့်အပြင် ကိုယ်ကလည်း မင်းကို ကမ္ဘာပေါ်မှာ အပျော်ရွှင်ဆုံး အမျိုးသမီးလေး ဖြစ်တဲ့အထိ အလိုလိုက်ဖို့ စီစဉ်ထားတာ။ မင်းဆုံးဖြတ်ချက်ကို လုံးဝ နောင်တမရစေရဘူး!"

ကျူးကျွင်းယန်က ဒီလိုချိုချိုသာသာ စကားတွေကို အကြီးတွေရှေ့မှာ အရှက်မရှိ ပြောချလိုက်သည်။ သူ့ရဲ့ သကာရည်လောင်းစကားတွေက ဘေးမှာ ဆေးလက်ဖက်ရည် ထိုင်သောက်နေတဲ့ စူးရန်ကို အော်ဂလီဆန်မှုဖြင့် မျက်နှာတွန့်ရှုံ့သွားစေသည်။

အဒေါ်ကျောက်ရဲ့ မျက်နှာက ရဲရဲနီသွားပြီး အရူးတစ်ယောက်လို တဟစ် ဟစ် ရယ်နေတဲ့ သူမဘေးက မိန်းမပျိုလေးကို ငေးကြည့်လိုက်သည်။ သူမ မနေနိုင်ဘဲ ဒီအရူးကောင်မလေးရဲ့ ဆန်းဆန်းပြားပြား ကောင်းတဲ့ကံကို တိတ်တဆိတ် သက်ပြင်းချမိသည်။ သူမသားကတော့ တကယ်ကို ရှုံးခဲ့တာပဲ။ ကျောက်ဟန်ရဲ့ အာမသွက်တဲ့ စရိုက်နဲ့ဆိုရင် ဒီလိုတီတီတာတာ ဖွဲ့ဖွဲ့နွဲ့နွဲ့ လေးတွေ ဘယ်တော့မှ ပြောတတ်မှာ မဟုတ်ပေ။ တော်ဝင်မင်းသားယန်... အင်ပါယာမင်းသားရှုကတော့ အပြင်ပန်းသာ အေးစက်ပုံပေါ်ပေမယ့် အံ့သြစရာကောင်းစွာပဲ သူ့ခံစားချက်တွေကို ကောင်းကောင်း ဖော်ပြတတ် နေသည်။

***